# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

မြန်မာ့ဒီမိုကရေစီအရေး ခရီးရှည်လမ်းလျှောက်ချီတက်ခြင်း နှင့် အစာငတ်ခံ ဆန္ဒပြတိုက်ပွဲဝင်
ရဲဘော်များမှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၆) နှစ်မြောက် နှစ်ပတ်လည်နေ့
အတွက် သဘောထားထုတ်ပြန် ကြေငြာချက်

## ကြေငြာချက် အမှတ် (၂)

စက်တင်ဘာလ ၁၆ ရက် ၂၀၀၄

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၅၁ ၏ ဆန္ဒမဲဖြင့် တရားဝင်ဖွဲ့စည်းခဲ့သော အဖွဲ့ကြီးဖြစ်သည်။

နအဖစစ်အစိုးရကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၀၀ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ အဆင့်ဆင့် ခေါင်းဆောင်များ တစ်ထောင်ကျော် နှင့် ပါတီဝင်ပေါင်း လေးထောင်ကျော် တို့ ဖမ်းဆီးချုပ်နှောင် ထောင်ဒဏ် အပြစ်ပေးခံရခြင်းဖြင့် ရင်းနှီးပေးဆပ်ခဲ့ရသော တရားဝင်အဖွဲ့အစည်းကြီး လည်းဖြစ်သည်။

NLD အပါအဝင်ရွေးကောက်ပွဲ အနိုင်ရ တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များနှင့် ယနေ့အချိန်အထိ ကြံ့ကြံ့ခံကာ ပြည်သူများဘက်မှ မားမားမတ်မတ် ရပ်တည် တိုက်ပွဲဝင်လျှက်ရှိသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ မှ မြန်မာနိုင်ငံ ၏နိုင်ငံရေး၊ စီးပွားရေး မူဝါဒများနှင့် သဘောတရားများကို ကြေငြာချက်ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် သုတေသနပြုလုပ်ခြင်း၊ ပြည်သူများ၏ တိုင်ကြားချက်များကို ကြားနာခြင်း များကို ယခုအထိ တစိုက်မတ်မတ် လုပ်ဆောင်လျှက်ရှိပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအရေး လှုပ်ရှားနေသော ဒီမိုကရေစီ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့ အစည်းများမှ ထောက်ခံခြင်းပြုပါရန် နှင့် ကမ္ဘာ့ကုလသမဂ္ဂ မှတရားဝင် အဖွဲ့အစည်းအဖြစ် ကာကွယ်စောင့်ရှောက်ပေးပါရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအာနန် ထံသို့ ပန်ကြားအပ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီသည် ၆ နှစ် မြောက်နေ့မှ စ ပြီး ဒီမိုကရေစီ ရရှိသည် အထိ ခိုင်မာသော အဖွဲ့ အစည်းအဖြစ် ပြည်သူ့ဆန္ဒ ကို ဆက်လက် အကောင်အထည်ဖော်ပေးနိုင်ရန်နှင့် အဖွဲ့ ဝင်များ အားလုံး ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ခရီးရှည်လမ်းလျှောက်ချီတက်ခြင်းနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲဝင်ရဲဘော်များ